
ကြယ်စင်မှူးဝေ
အလင်းသစ်ပင်
မောင်ကျော်ဦး
၀၉-၉၉ ၇၀၉၃၀

နှလုံးသားနူးညံ့တာဟာ

ဘဝကို အလွယ်တကူ

အနာတရ ဖြစ်စေတယ် . . .

လာဖော့

## အပိုင်း(၁)

"ဒေါက်တာနေသန့်စင်"

မျက်စိအထူးကုဆေးခန်း ...

လူနာတွေအယောက်သုံးဆယ်လောက်ရှိနှင့် ပြီး ပြည့်ညပ်နေသည့် ဆေးခန်းထဲသို့'ခင်ညီလာ' အဘွားကို တွဲခါဝင်ခဲ့သည် ။

လူနာတွေထိုင်စောင့်ဖို့ အတွက် ဖိုက်ဘာကုလားထိုင်တွေ အလုံးငါးဆယ်လောက် ချထားပေးသည့် အထဲ အပေါက်နှင့် နီးသည့် နေရာမှာ မြေးအဘွားနှစ်ယောက် နေရာယူလိုက်ကြသည် ။ လူတွေက ကျပ်ညပ်နေသည် မို့ ပန်ကာလေရသည့် နေရာနှင့် နီးလို့ တော်တော့သည် ။

"မောလိုက်တာ မြေးရယ် ... မမြင်ဝိုးဝါးမို့သာ မြင်ချင်လွန်းလို့ လာခဲ့ရတာ"

"ရောက်ပြီပဲ အဘွားရယ် ... မြင်ရတော့မှာ ပါ၊ ခဏနားလိုက်ရင် ကောင်းသွားမှာ ပါ"

မြေးအဘွားနှစ်ယောက် တစ်ယောက်တစ်ပြန် ဖေးမရင်း ကိုယ့်အလှည့်စောင့်နေကြရသည် ။ သူမတို့ လာခဲ့ရတာ ခြေလျင်တစ်တန်၊ ကားတစ်တန်။ ခင်ညီလာတို့ နေတာ ပဲခူးရိုးမနားက ရွာကြီး တစ်ရွာ။

သူမ၏ မိခင်က သူမ ၅နှစ်သမီးလောက်မှာ ဆုံးပါးသွားခဲ့ပြီး အဖေက နောက်အိမ်ထောင် ထူသွားခဲ့သဖြင့် သူမတစ်သက် အမေ၏ မိခင် အဘွားနှင့် သာ နေခဲ့ရပါသည် ။

အဘွားသာ သူမ၏ မိဘအဖြစ်၊ ဒီတစ်လနှစ်လအတွင်းမှာ တော့ အဘွားခမျာ မျက်လုံးတွေ အောင့်ပြီးဝေဝါးမျက်ရိုးတွေလည်း ကိုက်လာခဲ့သဖြင့် မခံနိုင်သည့် အဆုံးသည် ရန်ကုန်သို့ တက်လာခဲ့ကြပြီး မျက်စိဆရာဝန်ထံသို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်သည် ။

သူမတို့ အတွက်တော့ အစွန့်ကြီးစွန့်လာခဲ့ရခြင်းပါပေ။ အဘွားကလည်း ရိုးရိုးကြီး။ မြေး ဖြစ်သည့် ခင်ညီလာကလည်း ကိုယ့်ရွာမှ လွဲပြီး ဘယ်မှ မသွားခဲ့ဘူးပါ။ ရွာမှာ ပင် ဆယ်တန်းအောင်ခဲ့ပြီး ဘယ်မှ ကျောင်းမတက်ရသေးသည့် အဖြစ်။

မြေးအဘွားနှစ်ယောက် ရွာမှာ ပင် မုန့်ဟင်းခါးရောင်းပြီး အသက်မွေးခဲ့ရပါသည် ။

“မြေး... ငါတို့ အလှည့် ဘယ်တော့ရောက်မှာ လဲ”

“ခုမှ နံပါတ် ၁၂ရောက်သေးတယ်အဘွား၊ ညီတို့ က ၃၂လေ”

“ဟေ... ဒါဆို နောက်ထပ်အယောက် ၂၀လောက် စောင့်ရဦးမှာ ပေါ့၊ အဘွားတို့ ကားမီပါ ဦးမလား၊ ကားက နေ့လယ်တစ်ချက်တီးလောက်ထွက်တာ”

“ရောက်မှ တော့ ပြဖြစ်အောင်ပြမယ်အဘွားရယ်၊ ဒါတွေ တွေးမနေ

ပါနဲ့ ”

“တွေးရတာပေါ့ မြေးရယ်၊ ဒီရန်ကုန်မှာ တည်းခိုခန်းခတွေလည်း ဈေးကြီးတယ်၊ အဘွားတို့ မှာ ပိုက်ဆံများများ ပါတာ မဟုတ်ဘူး ”

“ကဲပါ အဘွားကလည်း ... ဒီမှာ နားကပ်လေးရှိသားပဲ၊ ရောင်းကုမှာ ပေါ့”

“အိုအေ... ဒါလေးက ညည်းအမေကျန်ခဲ့တဲ့ ပစ္စည်း”

ခင်ညီလာ အဘွားကိုဘာမှ မပြောတော့ဘဲ တောသားမြို့ရောက်ပုံစံနှင့် ဟိုကြည့်သည် ကြည့်သာ လျှောက်လုပ်နေလိုက်သည် ။ မြို့ကြီးပြကြီးမို့ ကြည့်လေရာရာ တိုက်တွေ ကားတွေချည်း။

သူမတို့ မှာ တော့ သည် ဆေးခန်းတောင် ရွာမှ အရီးတင်ရွှေ ညွှန်လိုက်လို့ သာ မနည်းရောက်လာရသည် ။

သူပြောသည့် လိုင်းကားကိုစီးပြီး ရောက်လာရခြင်း။ တစ်နေ့လုံးစောင့်ပြီး ညနေ ၃နာရီ လောက်ကျမှ သူမတို့ အလှည့်သို့ ရောက်ခဲ့၏။

စမ်းသပ်ခန်းကလည်း အကျယ်ကြီးပါပေ။ မျက်စိစမ်းသည့် စက်တွေ ၊ စာလုံးဘုတ်တွေနှင့် ။

လူနာတွေက ဆယ်လောက်စီဝင်ထားရသဖြင့် စက်လှေကားလို တရွေ့ရွေ့။ ဆရာဝန်ဆီ ရောက်သွားရသည် ။ ကိုယ့်အလှည့်မရောက်မီ ခင်ညီလာ ဆရာဝန်ကိုလှမ်းပြီး ကြည့်ေးခွင့်ရသည် ။

အသက်သုံးဆယ်လောက် အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် လူချောတစ်ဦးပါပေ။ ဆရာဝန်ပီပီ မျက်မှန်နှင့် ။ သို့သော် သူ့မျက်လုံးများကို လှမ်းမြင်နေရသည် ။ ကြင်နာတတ်သော မျက်လုံးများ ။

မျက်ခုံး မျက်လုံးထင်းပြီး နှာတံပေါ်ပုံ၊ နှုတ်ခမ်းကျပုံတို့ က ရုပ်ရှင်မင်းသားတစ်ယောက်နှယ်။ ဒါကြောင့် များ သည် ဆေးခန်းမှာ လူနာများနေတာလား။ အထူးကုဆေးခန်းဆိုပေမယ့် အခြား ဆေးခန်းများ လို ဟိတ်ဟန်မများ ။ အဆောင်အယောင်တွေ၊ ဝန်ဆောင်မှုတွေမရှိ။

သူနှင့် တပည့်တစ်ယောက်တည်းရှိသည့် ဆေးခန်း လူနာကို ကိုယ်တိုင်စမ်းသပ် ကိုယ်တိုင်ဆေးပေး ငွေယူသည် ။

အရီးတင်ရွှေ ပြောလိုက်သလိုပါပဲ။

"အထူးကုဆေးခန်းဆိုပေမယ့် အခြားဆေးခန်းတွေလို ငွေအများကြီးမယူဘူး၊ စမ်းသပ်ခ နှစ်ထောင်ပဲယူတယ်၊ လိုအပ်တဲ့ ဆေးဖိုးနဲ့ ပေါင်းမှ ၃-၄ထောင်ပဲယူတာ၊ အဲ... မျက်လုံးတွေ ဘာတွေ ခွဲရရင်တော့ မျက်လုံးတစ်လုံးကို ငါးသောင်းပေးရမယ်၊ ဒါလည်း မရှိတဲ့ သူဆို လျှော့ယူတယ် ပြောတယ်"

မျက်စိဆေးခန်းပီပီ အပြင်ဘက်မှာ မျက်မှန်ဆိုင်တစ်ခု ဖွင့်ပေးထားတာ တွေ့ရသည် ။

ဆရာဝန်ကိုလူချောကို ငေးနေမိသဖြင့် ခင်ညီလာအဘွားရွှေ့ရွှေ့သွားတာပင် မသိလိုက်။ အဘွား ဆရာဝန်ရှေ့ရောက်သွားမှ အပြေးကပ်သွားရသည် ။

ဒေါက်တာနေသန့်စင်က အဘွား၏ မျက်လုံးကို သေသေချာချာစမ်းသပ်စစ်ဆေးရင်းမှ ခင်ညီလာကို မျက်မှောင်ကျုံ့ပြီး မေးလိုက်သည် ။

"လူနာနဲ့ ဘာတော်လဲ"

"ကျွန်မရဲ့ အဘွားပါ"

"မင်းအဘွားရဲ့ မျက်လုံးကို အမြန်ခွဲရမယ်၊ ဒီည ခွဲလိုက်မယ် ဖြစ်ရဲ့

လား ...”

“ရှင် ...”

ခင်ညီလာ ဆွံ့အသွားသည် မှာ သူမတို့ မှာ ဆေးခန်းပြဖို့ ဆိုပြီး ငွေလေးတစ်သောင်းသာ ခြစ်ခြစ်ကုတ်ကုတ်ယူလာခဲ့ရလို့ ပါ။

“ဟို... ဟို...”

“ဟိုမနေနဲ့ မခွဲရင် မျက်လုံးပေါက်ထွက်လိမ့်မယ်”

“ဟုတ် ... ဟုတ်ကဲ့ ... ဆရာသင့်တော်သလို လုပ်ပါ”

အဘွားကတော့ ကြောက်လို့ တုန်ယင်နေရှာပေပြီ။ လူနာရှေ့မှာ ခင်ညီလာကို ဘာလို့ ဟောက်တာလဲ။ ကိုယ့်အဘွားကို ဂရုမစိုက်ဘူးထင်လို့ ဟောက်တာဖြစ်မည်။

လိုအပ်သည့် မျက်စဉ်းနှင့် သောက်ရမည့် ဆေးကိုပေးပြီး စုစုပေါင်း ငွေလေးထောင်ကျ၏။ ခင်ညီလာ ထုတ်ပေးသည့် ငွေက နှစ်ရာတန်အဟောင်းလေးတွေ စုထားသည့် ငွေလေးတွေ။

ဒေါက်တာနေသန့်စင် ငွေပေးနေသည့် ကောင်မလေးကို မျက်မှောင်ကျုံ့ကြည့်မိသည် ။

မြေးအဘွားနှစ်ယောက်လုံး နွမ်းပါးပုံကတော့ အသေအချာ။ သို့သော် အသားဖြူဖြူနှင့် ဝင်းဝင်းပပ အသွေးအမွေးက ပြောင်သည် ။ ဆင်းရဲသားပုံမထွက်။

ရွှေငွေလက်ဝတ်လက်စား ဘာမှ ဝတ်မထား။ ကောင်မလေး၏ နားမှာ ကျောက်စိမ်းနားကပ်လေး တစ်ရန်ပဲ တွေ့ရသည် ။

သို့သော် သူမက ဘာမှ မပြောလို့ နေသန့်စင် နောက်လူနာတစ်ယော

က်ကို ဆက်ကြည့်လိုက်သည် ။

ကောင်မလေး မြေးအဘွား စမ်းသပ်ခန်းမှ ထွက်ပြီး လူနာများ နေသည့် နေရာမှာ ပြန်ထိုင်ကြ ပြန်သည် ။

နေသန့်စင် လူနာတွေကို ဆက်ကြည့်ပြီး လူနာရှင်းတော့မှ စမ်းသပ်ခန်းအပြင်သို့ထွက်တော့ သူ့တပည့်နေဝင်းက သူ့အနားသို့ကပ်ပြီး တီးတိုးပြောခဲ့သည် ။

"ဆရာ ... ဟိုကောင်မလေးက သူ့နားကပ်ရောင်းချင်လို့ ကျွန်တော့်ကို ရွှေဆိုင်တစ်ဆိုင်ဆိုင် လိုက်ပို့ခိုင်းနေတယ်"

"ဘာလုပ်ဖို့ လဲ"

"သူ့အဘွားမျက်လုံးအရေးပေါ်ခွဲရမယ်ဆိုတော့"

"ဪ ... အဲဒီအတွက်ဆို မရောင်းနဲ့ လို့ ၊ ထားလိုက် ငါအလကားခွဲပေးမယ်"

"ဟာ ... သူတို့ အရမ်းဝမ်းသာမှာ ဆရာ"

နေဝင်းစတိုင်က ဒီလိုပဲ။ ချောချောလှလှလေးဆို အင်မတန်စေတနာရှိတတ်သည် ။ ယခုလည်း သူကောင်မလေးကို ဝမ်းသာအားရသွားပြောနေသည့် ပုံ။ သူကတော့ ခွဲခန်းမဝင်မီ အိမ်ပြန်ပြီး ထမင်းစားဖို့ အတွက် ကားနှင့် ပြန်ခဲ့သည် ။

* * *